# သင်္ကန်းတောကျေးရွာ
# ပုလောမြို့နယ်၊
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)









**ပြုစုရေးဆွဲသူ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**သင်္ကန်းတောကျေးရွာ၊ ပုလောမြို့နယ်**

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ မတ်လ

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | **သက်န်းတောကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) ငါးလုပ်ငန်း | |
| | (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | **နောက်ဆက်တွဲ** (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | **နောက်ဆက်တွဲ** (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း

တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**မတ်လ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**သက်န်းတောကျေးရွာ**

**ပုလောမြို့နယ်**

**သင်္ကန်းတောကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်**


ပုလောမြို့နယ်၊ တိုကျေးရွာအုပ်စု၊ သက်န်းတောကျေးရွာ
အညွှန်းပြမြေပုံကြမ်း
N
W
E
S
ကဒဲရွာ
သက်န်းတောရွာ
တိုကျေးရွာအုပ်စု
ပုလောမြို့နယ်
ကဒဲရွာ
အမှတ်(၁)ရပ်ကွက်
ပလမြို့
တန်းရှင်းရွာ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

သက်န်းတောကျေးရွာသည် တိုကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၊ ၅၈မိနစ်၅၂စက္ကန့်နှင့် အရှေ့လောင် ဂျီတွဒ် ၉၈ဒီဂရီ ၃၈မိနစ်၊၅၉စက္ကန့်ကြားတွင် တည်ရှိပြီး သက်န်းတော်ကျေးရွာ၏ အရှေ့ဘက်တွင် ကဒဲကျေးရွာ၊ အနောက်ဘက်တွင် မြဒေါင်ကျေးရွာ၊တောင်ဘက်တွင် တိုကျေးရွာ၊ မြောက်ဘက်တွင် ပဝတ်ကုန်းကျေးရွာ တို့နှင့် ထိစပ်လျှက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

သက်န်းတောကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၅၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၃၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ တောင်ယာကမ်းကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၀) လက်မဖြစ်ပြီး၊ အနိမ့်ဆုံး မိုးရေချိန်မှာ (၉၅) လက်မဖြစ်ပါသည်။ သက်န်းတောကျေးရွာတွင် ဓါတ်သတ္တုဆိုင်ရာ မထွက်ရှိပါ။ ဝါးပင်များ အနည်းငယ်ထွက်ရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် တောကြက်၊ ချေ၊ တောကြောင်၊ ရှဥ့်စသည့်များ ရရှိနိုင်သော်လည်း ရရှိရန်ခက်ခဲပြီး လက်လှမ်းမှီ ရန်ခက်ခဲပါသည်။ နွားစာ အတွက် စားကျက်မြေအနည်းငယ်ရှိပြီး ဆေးဖက်ဝင် အပင်များအဖြစ် ဂျာမနီ၊ လောက်သေစသည့် အပင်များ သာတွေ့ရှိပြီး ရရှိနိုင်မှုနည်းပါးကာ လက်လှမ်းမှီမှုမရှိသလောက်ဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သက်န်းတောကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၆၀) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၈၅၄) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။ သက်န်းတောကျေးရွာတွင် စေတနာရှင်(CBO)၊ နာရေးကူညီမှုအသင်း၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ အမျိုးသမီး ရေးရာနှင့် မိခင်နှင့်ကလေးတို့သည် ကျေးရွာ၏သာရေး၊ နာရေး၊ ကိစ္စရပ်များကို ပူးပေါင်းလုပ် ဆောင်ကြပါသည်။ နာရေးအဖွဲ့သည် နာရေးတစ်ခုကို ဆန်(၄၀)ပြည်နှင့် ပိုက်ဆံ(၅၀၀၀၀)လှူဒါန်း သည်။ အသိပညာဆိုင်ရာ ခေါင်းဆောင်မှု /စီမံခန့်ခွဲမှုသင်တန်းပေးရန်လိုအပ်သည်။ ပုလောမြို့ သမဝါယမဦးစီးဌာနမှ ကျေးရွာ အတွင်း သမဝါယမငွေစုငွေချေးအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။

သက်န်းတောကျေးရွာတွင် **World Vision** မှ ကလေးသူငယ်ဖွံ့ဖြိုးရေး နှင့် အသိပညာပေးနှင့် ပညာရေး/ကျန်းမာရေးဆိုင်ရာအတွက် တနိုင်တစ်ပိုင် ထောက်ပံ့ မှုရရှိသည်။ Vision Fund, ဖူလ်တန်မြန်မာ, Hana အဖွဲ့တို့မှ ကျေးရွာအတွင်း ချေးငွေများ ချေးပေးလျက် ရှိပါ သည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

သက်န်းတောကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၁၈၀)ကေ ၊လယ်ယာမြေ(၂၅၀)ဧကနှင့် စားကျက်မြေ(၃၃၀ဧကခန့်ရှိပါသည်။ ၂.၅ကေအောက် ဆင်းရဲသားတောင်သူ(၁၅)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ကေကြား တောင်သူငယ် (၃၀) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ကေကြား တောင်သူလတ် (၂၀) အိမ်ထောင်စု၊ ၁၂.၅ ကေအထက် တောင်သူကြီး (၁၅)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ ကို အဓိကအားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၅၀%) ခန့်ရှိပါသည်။ ကျေးရွာတွင် လယ်နှင့် ရော်ဘာခြံများကို ဦးစားပေး စိုက်ပျိုး လုပ်ကိုင်ကြပြီး အဆိုပါ လုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ် လုပ်သား များအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်းရှိကြပါသည်။ **သက်န်းတော ကျေးရွာတွင် အလုပ်လုပ်နိုင်သောစုစုပေါင်းလူဦးရေမှာ (၅၄၉)ရှိပြီး ကျား(၂၆၇) ဦး ၊မ(၂၈၂) ဦးရှိသောကြောင့် အမျိုးသမီးလုပ်သား အင်အားမှာ ပိုမိုပါသည်။** အဓိကအားဖြင့် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင် ကြပါသည်။ မိုးစပါးစိုက်ပျိုးပြီး စိုက်ပျိုးသည့် အိမ်ထောင်စု (၃၁)စု ရှိပါသည်။ **တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ အဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။**ကျောင်းဆရာ/မ(၇)ဦး၊ ကျန်းမာရေးဆရာမ(၂)ဦး နှင့် ရဲ၊(၂)ဦးရှိပါသည်။ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။

**(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း**

သက်န်းတောကျေးရွာတွင် ကြက်၊ ဝက်ကို စီးပွားဖြစ်မွေးမြူသူ အိမ်ထောင်စုများ ရှိပါသည်။ တနိုင်တပိုင်မွေးမြူသည့် အိမ်ထောင်စုများလည်းရှိပါသည်။သက်န်းတောကျေးရွာ

တွင် စားကျက်မြေရရှိမှာ အသင့်အတင့်၊ ရေရရှိမှု မှာ အသင့်အတင့်၊ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်၊ ချေးငွေအသင့်အတင့်၊ မွေးမြူရေးသွင်းအား စုမှာ အလွယ်တကူဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှုမှာ အသင့်အတင့်နှင့် အိမ်ခြံမြေဝင်း အတွင်းမြေနေရာလုံလောက်ရရှိမှုမှာလည်း အသင့်အတင့်သာရှိပါသည်။သက်န်းတောကျေးရွာအတွင်း စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်လိုသည့် သူများသော်လည်း ရောဂါကာကွယ်နည်းများနားလည်မှုမရှိခြင်း စသည်တို့က အဟန့်အတား ဖြစ်စေပါသည်။ထို့ကြောင့် မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ် ပေးရန် လိုအပ်နေပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

သက်န်းတောကျေးရွာအတွင်းရှိ ဝင်ငွေလုပ်ငန်းများသည် လက်လီလက်ကား ရောင်းဝယ်သူ၊ အပ်ချုပ်သူ၊ ဝန်ထမ်း၊ ပြည်ပသို့ဝင်ငွေအရ သွားရောက် လုပ်ကိုင်သူ တို့ရှိ ပါသည်။ သဘာဝအရင်းအမြစ်အနည်းငယ်ရှိသော်လည်း စီးပွါးဖြစ် လုပ်ကိုင်ခြင်းမရှိပါ။ သက်န်းတောကျေးရွာ တွင် မည်သည့်ထုတ်ကုတ်မှုထုတ်လုပ်မှု မရှိခြင်း နှင့် ဈေးကွက်ဆိုင်ရာချိတ် ဆက်မှုအား နည်းခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်း မှီမှုအားနည်းခြင်း၊ မိရိုးဖလာဥယျာဉ်ခြံလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်း (စက်ပြင်၊စက်မောင်း၊လျှပ်စစ်ဆိုင်ရာ၊ မုန့်လုပ်) သင်တန်းများ ဆောင်ရွက်ခြင်း ပြုလုပ်ပေးခြင်းအတွက် နည်းပညာ ဝန်ဆောင် မှုများ ရရှိရန် လိုအပ်နေပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

**သက်န်းတောကျေးရွာတွင်** အစိုးရဘဏ်အနေဖြင့် **စိုက်/ဘဏ်၊ သမဝါယမရုံးတို့မှ ချေးငွေရရှိပါသည်။ ပုဂ္ဂလိကအဖွဲ့အစည်းများ** Vision Fund , ဖူလ်တန် မြန်မာ, Hanaအဖွဲ့တို့မှလည်း ချေးငွေများ ရရှိပါသည်။ **ကိုယ်ထူ ကိုယ်ထငွေစုငွေချေးနှင့် မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ ချေးငွေရရှိပါသည်။** လယ်သမားများမှာ သီးနှံထွက် ရှိချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည် ပေးဆပ်ရသသဖြင့် အခက်အခဲများရှိပါသဖြင့် ချေးငွေကာလ တိုပြီး လုံလောက်သော ချေးငွေများမရသည်ကလည်း လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် ကြန့်ကြာမှုများ ဖြစ်နေသဖြင့် ကာလရှည် ချေးငွေများ ရရှိလိုကြပါသည်။ သမဝါယမရုံးတွင် အသင်းဝင်၍ ငွေစု/ငွေချေးစနစ်ဖြင့် (၁ကျပ်) အတိုးနှုန်းနှင့် (၆)လကြာပြန်ဆပ်ရပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငှားကြရပါသည်။ ကျေးရွာတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် အဖွဲ့ဝင်၍ ငွေစု/ ငွေချေးစနစ်ဖြင့် (၂ကျပ်)အတိုးနှုန်း

နှင့် (၃)လကြာပြန်ဆပ်ကြရပါသည်။ မိခင်နှင့်လေး အဖွဲ့အစည်းမှလည်း (၁)ဦးလျှင် (၄၀၀၀၀)ချေးပေး၍ အတိုးနှုန်း (၃၀ကျပ်ဖြင့် (၄)လကြာ ပြန်ဆပ်ရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သက်န်းတောကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးများ ကျောင်းသူ /သားများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်၊ ကားတို့မှာ သွားလာရေး နှင့် စီးပွါးရေးကိစ္စတွင် အသုံးပြုကြပါသည်။ စက်ဘီးစီးရေမှာ (၂၅)စီး ၊ဆိုင်ကယ် (၁၁၉)စီး၊ သုံးဘီး၊ထော်လာဂျီ(၃)စီး၊ မော်တော်ကား(၄)စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေး တွင် အဓိကအသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦဖွံ့ဖြိုး မှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းမှာ မြေသား လမ်းဖြစ်သဖြင့် မိုးရာသီတွင် လမ်း ပျက်စီးခြင်းနှင့် ရေကျော်ခြင်းများဖြစ်သောကြောင့် သွားလာရအခက်အခဲရှိပါသည်။ ညာဘက် စာသင်ကျောင်းအဝင်လမ်းမှာ ရပ်ရွာမှ အလှူငွေ ဖြင့် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ ဘုန်းကြီး ကျောင်းလမ်း (၁၂၆၄)ပေနှင့်ဘယ်ဘက် စာသင်ကျောင်းအဝင်လမ်း(၄၇၆)ပေတို့မှာ ပထမ ဦးစားပေး အနေဖြင့် ကွန်ကရစ် လမ်း အဖြစ် အဆင့်မြင့်တင်ရန် လိုအပ်နေပါသည်။ စံပြကုန်းလမ်း (၇၉၄)ပေ ၊စံပြကုန်း(၁)လမ်း (၂၉၆)ပေ ၊ စံပြကုန်း(၂)လမ်း (၄၂၀)ပေ ၊ စံပြကုန်း(၃)လမ်း (၇၅၀)ပေ ကျောက်ချောလမ်း သို့ အဆင့်မြင့်တင်ရန် လိုအပ်နေပါသည်။**ရေပြွန်(၁၀—× ၄—) (၆)စင်းရှိသည့်အနက် (၂)စင်းမှာ ပျက်စီး နေပါသည်။ကွန်ကရစ်တံတား (**၁၅—× ၆—) (၃)စင်း တည်ဆောက်ရန် လိုအပ်နေပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

**သက်န်းတောကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၁၄၀)စုမှာ (၂၄)နာရီ မီး အသုံးပြုကြပါသည်။ စီးပွားရေးမပြေလည်သော အိမ်ထောင်စု (၂၀)စုမှာ မီးခွက်၊ ဖယောင်းတိုင်ဖြင့် အသုံးပြုပါသည်။**

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

သက်န်းတောကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၂၅၀) လုံး၊ တီဗွီ(၁၁၀)လုံး၊ဂြိုလ်တုစလောင်း(၁၁၀)စသည်တို့မှ ရရှိ ပါသည်။

သက်န်းတောကျေးရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်ဆိုင်ရာ နည်းပညာ အခြေအနေများမှာ အိမ်တိုင်းစေ့နီးပါး ဖုန်း၊ ရေဒီယိုများ မှတဆင့် သတင်း အချက်အလက် များ ရရှိနေပြီး အချို့အိမ်ထောင်စုများတွင် ဂြိုလ်တုစလောင်း များပင် အသုံးပြုနိုင်ကြပါ သည်။ တာဝါတိုင်မရှိပါသဖြင့် လိုင်းဆွဲအားမကောင်းပါ။ ဖုန်းတာဝါတိုင်မရှိသော်လည်း တိုကျေးရွာ တာဝါတိုင်မှ လိုင်းအားရရှိပါသည်။ (၂၄)နာရီ လျှပ်စစ်မီးရရှိသောကြောင့် လူနေမှု အဆင့်အတန်း မြင့်မားလာပါသည်။

## ၆။ ပညာရေး

သက်န်းတောကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းသာ ရှိပြီး အလယ် တန်း၊ အထက်တန်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တိုကျေးရွာတွင် စက်ဘီး၊ ဆိုင်ကယ်၊ ခြေလျင်ဖြင့် သွားရောက် ပညာသင်ကြားကြပါသည်။ ကျေးရွာရှိ မူလတန်း ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသာ/သူ စုစုပေါင်း(၇၈)ဦးရှိပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများ(၃၅)ဦးရှိပါသည်။ ကျေးရွာတရွာလုံး ပညာသင်ကြားနေသည့် ကျောင်းသား/သူ စုစုပေါင်း(၂၁၄)ဦးရှိသောကြောင့် ယခင်ထက် ပညာတတ်များ များလာသောကြောင့် နောင်တခေတ် တွင် ကျေးရွာအတွက် လူစွမ်းအား အရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာနိုင်ပါသည်။

**သက်န်းတောကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး အလယ်တန်း၊ အထက်တန်းအဆင့်ကို တိုကျေးရွာ အ.ထ.က-ကျောင်းခွဲတွင် စက်ဘီး၊ဆိုင်ကယ် တို့ဖြင့် သွား ရောက် ပညာသင်ကြားရပါသည်။ ကျောင်းသုံးပရိဘောဂများ မလုံလောက်သဖြင့် ဝယ်ယူဖြည့် တင်းရန် လိုအပ်နေပါသည်။ ကျောင်းတွင်သောက်သုံးရေကို စိမ့်စမ်းရေးမှ သွယ်တန်းရရှိသဖြင့် အခက်အခဲမရှိပါ။ ကျောင်းတွင် ခြံစည်းရိုးမရှိသဖြင့် ကျွဲ၊ နွားများ ဝင်ရောက်ခြင်း၊ ကျောင်းသူ/ သားများလမ်းသို့ အလွယ်တကူထွက်၍ ဆော့ကစား ခြင်းများရှိသောကြောင့် ကျောင်းခြံစည်း ရိုး(၅၀၀)ပေ ကာရံရန် လိုအပ် နေပါသည်။ ကျောင်းဆောင်** (၁၂၀'x ၃၀'x၁၂')မှ ကောင်းမွန်မှု ရှိနေပါသဖြင့် ပြင်ဆင်ရန် မလိုအပ်ပါ။ **ထို့နောက် ကျောင်းဝင်းအတွင်း မြေနေရာ လုံလောက်စွာ ရှိသော ကြောင့် ကလေးများအတွက် အားကစား ကွင်းပြုပြင်ရန်နှင့် အားကစားပစ္စည်းများ ထောက်ပံ့ရန် လိုအပ်နေပါသည်။**

သက်န်းတော**ကျေးရွာတွင် စာမတတ်သူ** (၃.၁၆%)**ရှိပါသည်။ ကျေးရွာလူဦးရေ၏**

**(၄၂.၇၄%) မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်း အဆင့်အထိ တတ်မြောက်သူ (၂၉.၈၆%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၇.၉၆%)၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေမှာလည်း(၄.၅၇%) အထိ ရှိပြီး အတန်းပညာ တတ်မြောက်မှုတိုးတက် လာသော ကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာကြပါမည်။**

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

သက်န်းတောကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ အသက်ရှုလမ်း ကြောင်း၊ ဆီးချို၊ အသည်းရောဂါ(ဘီ/စီ)နှင့် အာဟာရချို့တဲ့မှုအနည်းငယ်ရှိပါသည်။ သွေးတိုးရောဂါပြင်းထန်စွာ ခံစားနေရသူများရှိပါသည်။**သက်န်းတောကျေးရွာတွင် တိုကျေး ရွာဆေးပေးခန်း ဆရာမများမှ ကာကွယ်ဆေးများထိုးပေးလေ့ရှိပါသည်။ အရန်သား ဖွားဆရာမတစ်ဦးရှိ ပါသည်။ သက်န်းတောကျေးရွာနှင့် (၁)မိုင်ခန့်ဝေးသော တိုကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနတွင် ကလေးမီးဖွားခြင်းနှင့် သာမန်ရောဂါများကို ကုသ နိုင်ပါသည်။ အရေးပေါ်လူနာများကို ပလမြို့ တိုက်နယ်ဆေးရုံနှင့် ပုလောမြို့ ပြည်သူ့ ဆေးရုံတို့တွင် ကုသကြ ပါသည်။**

သက်န်းတောကျေးရွာတွင် ရေတွင်း(၂၅)တွင်းရှိပြီး ၎င်းရေတွင်းမှ ခပ်ယူသုံးစွဲသည့် အိမ်ထောင်စု(၅၁)စုရှိပါသည်။ ကဒဲကျေးရွာ ပုဂ္ဂလိက စိမ့်စမ်းရေပေးဝေရေးမှ **တစ်လ (၄၀၀၀)ကျပ်ဖြင့် ယူသည့်အိမ်ထောင်စု(၈၅)စုရှိပါသည်။**

သက်န်းတောကျေးရွာတွင် အိမ်တိုင်းစေ့နီးပါး ယင်လုံအိမ်သာ သုံးစွဲကြပါ သည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သက်န်းတောကျေးရွာ၌ စိုက်ပျိုးသီးနှံများကို ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းသည့် နည်းလမ်းများသိရှိရန် လိုအပ်ပါသည်။ ယခင်နှစ်များထက် မိုးကျမှုနည်းပါး လာသည်။ နှံဖြူပိုးကိုမူ မနှိမ်နင်းနိုင်ပါ။ အမှိုက်များကို ပရဟိတအဖွဲ့၏ အမှိုက်ခြင်းထဲသို့ စွန့်ပစ်ခြင်း ဖြင့်လည်းကောင်း တွင်းတူး၍ မီးရှို့ခြင်းဖြင့်လည်းကောင်းစွန့်ပစ် ကဲ့သို့သော အလေ့ အကျင့်များ ရှိသော်လည်း တရွာလုံးပါဝင်၍ စနစ်တကျ စွန့်ပစ်သည့်စနစ်မရှိသေးပါ။ **ထို့ကြောင့် စွန့်ပစ်ပစ္စည်းများစနစ်တကျ စွန့်ပစ်ခြင်း၊ အမျိုးအစားအလိုက် ပြန်လည် အသုံးချခြင်းစသည့် အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးပြီး ဦးဆောင် ဦးရွက် ပြုနိုင်မည့် ကျေးရွာတွင်း ပရဟိတအဖွဲ့အစည်းများ နှင့် ကျေးရွာပြင်ပမှ အဖွဲ့ အစည်းများမှ လုပ်ငန်း စဉ် အဆင့်ဆင့်အား ကျေးရွာသူ /ကျေးရွာ**

**သားများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ရေနုတ်မြောင်းများ တိမ်ကောနေသဖြင့် မိုးရေကြီးသည့်အချိန်၌ ရေကျော်ခြင်းများ ဖြစ်ပေါ်နေသဖြင့် ရေနုတ်မြောင်းများ တူးဖော်ရန် လိုအပ်နေပါသည်။**

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာအတွင်း စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှုရှိပါသည်။ သာရေး /နာရေး ကိစ္စများတွင်လည်း ပါဝင်မှုအားကောင်းပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှု များ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများ လူထုအသိအမြင်အားနည်းသဖြင့် အသိပညာ ပေးဟောပြောပွဲများပြုလုပ်ပေးစေလိုပါသည်။ထို့နောက် ကျေးရွာအတွင်းရှိ အဖွဲ့ ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။

၁၀။ သက်ိန်းတောကျေးရွာ ၊ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေး အဆင့် | မှတ် ချက် |
|---|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၇၀၀—၁၂—၆ ') | ပထမ | |
| ၂ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းခြံစည်းရိုး(၅၀၀)ပေ ကာရံခြင်း | ဒုတိယ | |
| ၃ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအားကစားကွင်းပြုပြင်ရန်နှင့် အားကစားပစ္စည်းများ ထောက်ပံ့ခြင်း | တတိယ | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ကွန်ကရစ်တံတား(၁၅'-၆') (၃)စင်း တည်ဆောက်ခြင်း | | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ရေပြွန် (၁၀'-၄') (၂) စင်းတည်ဆောက်ခြင်း | | |
| ၆ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | စံပြကုန်းလမ်း(၇၉၄)ပေအား ကျောက်ချောလမ်းသို့ အဆင့်မြင့်တင်ခြင်း၊ | | |
| ၇ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | စံပြကုန်း(၁)လမ်း(၂၉၆)ပေအား ကျောက်ချောလမ်းသို့ အဆင့်မြင့်တင်ခြင်း၊ | | |
| ၈ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | စံပြကုန်း(၂)လမ်း(၄၂၀)ပေအား ကျောက်ချောလမ်းသို့ အဆင့်မြင့်တင်ခြင်း၊ | | |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | စံပြကုန်း(၃)လမ်း(၇၅၀)ပေအား ကျောက်ချောလမ်းသို့ အဆင့်မြင့်တင်ခြင်း၊ | | |
| ၁၀ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ ဝယ်ယူဖြည့်တင်းခြင်း | | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား အလတ်စားစီးပွားရေး | နည်းပညာသင်တန်း | ထုတ်ကုန်လုပ်ငန်းများ | အသက်မွေးဝမ်းကျောင်းလုပ်ငန်း နည်းပညာဝန်ဆောင်မှုသင်တန်းများ ဆောင်ရွက်ခြင်း | | |

| | | | | | | |
|---|---|---|---|---|---|---|
| | လုပ်ငန်းများဆိုင်ရာ | | | | | |
| ၁၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ခေါင်းဆောင်မှုသင်တန်း | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အဖွဲ့ငယ်များအားစီမံခန့်ခွဲမှု ၊ခေါင်းဆောင်မှု၊စာရင်းကိုင်သင်တန်းများ လိုအပ်ခြင်း | | |
| ၁၃ | သဘာဝသယံဇာတနှင့်သ ဘာဝပတ်ဝန်းကျင် | အသိပညာပေးဆွေးနွေးပွဲ | သဘာဝဘေးလျှော့ချရေး | သဘာဝပတ်ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း | | |
| ၁၄ | သဘာဝသယံဇာတနှင့်သ ဘာဝပတ်ဝန်းကျင် | အသိပညာပေးဆွေးနွေးပွဲ | အညစ်အကြေး | အမှိုက်စွန့်ပစ်ရေးစနစ်ကျစေရန် အသိပညာပေးလုပ်ဆောင်ခြင်း | | |
| ၁၅ | အခြေခံအဆောက်အဦ | ရေဆိုး၊အညစ်အကြေးနှင့်အမှိုက်စီမံခန့်ခွဲခြင်း | အညစ်အကြေး | ရေနုတ်မြောင်းတူးဖော်ခြင်း | | |
| ၁၆ | လူငယ်နှင့်အားကစား | အသိပညာပေးဆွေးနွေးပွဲ | လူငယ်အခွင့်အရေး | စာကြည့်တိုက် ပြန်လည်ပတ်နိုင်စေရန် ဆွေးနွေးလုပ်ဆောင်ခြင်း | | |
| ၁၇ | မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | အသိပညာပေးဆွေးနွေးပွဲ | တိရိစ္ဆာန်မွေးမြူရေး | မွေးမြူရေးသင်တန်းများနှင့်ဝန်ဆောင်မှုများရရှိရန် ချိတ်ဆက်ခြင်း | | |
| ၁၈ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာ | နည်းပညာ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း | | |

## သက်န်းတောကျေးရွာ၊ တိုကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဘိုဘိုဟန် | ဦးမောင်လှ | ၆/ပလန(နိုင်) ဝ၃၃၇၁၂ | ၄၃ | နာယက | ဝ၉၄၂၂၂၁၂ဝဝ၉ |
| ၂ | ဦးမြင့်ရီ | ဦးအောင်ချိ | ၆/ပလန(နိုင်) ဝ၂ဝ၂၁၇ | ၅၆ | ရပ်မိရပ်ဖ | - |
| ၃ | ဦးဋ္ဌေးမြင့် | ဦးချစ်သွယ် | - | ၅၁ | ရပ်မိရပ်ဖ | - |
| ၄ | ဦးလှကြွယ် | ဦးမဲ | ၆/ပလန(နိုင်) ဝ၁၉၄၉၇ | ၆၄ | ရပ်မိရပ်ဖ | - |
| ၅ | ဦးလွန်းပေါ် | ဦးဘထွန်းတင် | - | ၆၁ | ရပ်မိရပ်ဖ | |
| ၆ | ဦးသောင်းနိုင် | ဦးချစ်တင် | ၆/ပလန(နိုင်) ဝ၄၇၄၁၂ | ၄၂ | ရပ်မိရပ်ဖ | ဝ၉၇၉၉၂၃၁၄၅၄ |
| ၇ | ဦးသောင်းတန် | ဦးကြည်ရှိန် | ၆/ပလန(နိုင်) ဝ၁၁၈၈၆ | ၅၁ | ဥက္ကဋ္ဌ | ဝ၉၄ဝ၁၁၁၈၄၅၈ |
| ၈ | ဦးနိုင်ဝင်း | ဦးစံအေး | ၆/ပလန(နိုင်) ဝ၅၅၂၈၇ | ၄၁ | အတွင်းရေးမှူး | ဝ၉၂၅၄၅၉၇၈၉၃ |
| ၉ | ဦးအောင်ကျော်စိုး | ဦးဝင်းစိန် | ၆/ပလန(နိုင်) ဝ၅၆၅၇၂ | ၃၇ | ဘဏ္ဍာရေးမှူး | ဝ၉၇၆၄၆၁၁ဝဝ၅ |
| ၁ဝ | ဒေါ်နှင်းအိဖြိုး | ဦးခင်မောင်ရင် | ၆/ပလန(နိုင်) ၁ဝ၄၉၇၅ | ၂၄ | စာရင်းကိုင် (၁) | ဝ၉၇၆ဝ၉၃၅၃ဝဝ |
| ၁၁ | ဦးသန်းဇော် | ဦးငြိမ်းမောင် | ၆/ပလန(နိုင်) ဝ၄၇၄၈၉ | ၄၅ | စာရင်းကိုင် (၂) | ဝ၉၇၈၄၁၄၇၉၆၅ |
| ၁၂ | နော်ဖီးခွန် | စောခိုနဲရှိ | ၆/ပလန(နိုင်) ဝ၂၁၈၅၆ဝ | ၅ဝ | အဖွဲ့ဝင် | - |
| ၁၃ | ဦးမြင့်လွင် | ဦးချစ်ဆွေ | ၆/ပလန(နိုင်) ဝ၂ဝ၅၃၅ | ၅၁ | အဖွဲ့ဝင် | ဝ၉၄၂၂၂၁၉၄၆၄ |
| ၁၄ | ဦးအေးဝင်း | ဦးကြည် | ၆/ပလန(နိုင်) ဝ၁၈၃၈၂ | ၆၁ | အဖွဲ့ဝင် | ဝ၉၄၉၈၈ဝ၇၃၆ |
| ၁၅ | ဒေါ်စန်းမူ | ဦးတင်အေး | ၆/ပလန(နိုင်) ဝ၉၇၉၇၄ | ၄၄ | အဖွဲ့ဝင် | ဝ၉၂၆ဝ၂၇၂၇၉၁ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၉ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၅ | ၂၅ | ၅၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၇ | ၃၁ | ၇၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၇ | ၆၉ | ၁၂၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၇ | ၂၈၂ | ၅၄၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၁၉ | ၃၆ |
| **စုစုပေါင်း** | | **၄၁၉** | **၄၃၅** | **၈၅၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၆၀** | | |

**ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

လေ့လာတွေ့ရှိချက်။ ။ သင်္ကန်းတောကျေးရွာသည် အိမ်ထောင်စု (၁၆၀)စု ၊ လူဦးရေ( ၈၅၄)ဦးရှိပြီး လူဦးရေမှာ စုစုပေါင်း(၈၅၄)ယောက်ရှိပါသည်။ အသက်(၁၅)နှစ်မှ အသက်(၆၀)နှစ်အထိ အလုပ်လုပ်ကိုင်နိုင်သော စုစုပေါင်းလူဦးရေမှာ (၅၄၉)ရှိပြီး အသက်(၁)နှစ်အောက်မှ (၁၅)နှစ်အထိ လူဦးရေနှင့် အသက်(၆၀)နှစ်အထက် လူဦးရေစုစုပေါင်း(၃၅.၇၁%)မှာ မှီခိုသူများဖြစ်ကြသည်။ တစ်အိမ်ထောင်တွင်ရှိရမည့် ပျမ်းမျှလူဦးရေမှာ (၅.၃%)ရှိသောကြောင့် မြန်မာနိုင်ငံတွင် သတ်မှတ်ထားသော တစ်အိမ်ထောင်တွင် ပျမ်းမျှလူဦးရေ(၅)ဦးရှိရမည့် သတ်မှတ်ချက်ထက် အနည်းငယ်သာ ကျော်လွန်ပါသည်။ ကျေးရွာအတွင်းအလုပ်လုပ်ကိုင်နိုင်သောလူဦးရေမှာ များပြားသောကြောင့် လူ့စွမ်းအားအရင်းအမြစ်ကောင်းမွန်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအ | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | ခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး (ဥယျာဉ်ခြံ)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၉ | ၁၁၀ | ၈၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၂၅ | ၃၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၁၀ | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၃ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၉ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၃၀ | ၂၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၂ | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၅ | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၂ | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ကျဘမ်း ပြည်တွင်း/ပြည်ပ လုပ်သား |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | ၅၇ | ၇၅ | ၁၇၆ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၁၆၀ | ၂၅၇ | ၂၆၇ | ☒ |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**

။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ'** အရေအတွက်တွင် **'မိသားစုဝင်လုပ်အား' ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **'စိုက်ပျိုးရေး'** ကဏ္ဍ ၏ **'ကိုယ်ပိုင်လုပ်ငန်း'** တွင်ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ သက်နီးတောကျေးရွာတွင် အလုပ်လုပ်နိုင်သောစုစုပေါင်းလူဦးရေမှာ (၅၄၉)ရှိပြီး ကျား(၂၆၇) ဦး ၊မ(၂၈၂) ဦးရှိသောကြောင့် အမျိုးသမီးလုပ်သား အင်အားမှာ ပိုမိုပါသည်။** အဓိကအားဖြင့် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင် ကြပါသည်။ မိုးစပါးစိုက်ပျိုးပြီး စိုက်ပျိုးသည့်အိမ်ထောင်စု(၃၁)စု ရှိပါသည်။ **တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ အဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။**ကျောင်းဆရာ/မ(၇)ဦး၊ ကျန်းမာရေးဆရာမ(၂)ဦး နှင့် ရဲ(၂)ဦးရှိပါသည်။ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွ | အများဆုံး (ကျပ်) | အနည်းဆုံး (ကျပ်) |
|---|---|---|---|---|

| | | က်ပုံ | ကျား | မ | ကျား | မ |
|---|---|---|---|---|---|---|
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၈၀၀၀ | - | ၈၀၀၀၀ | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာ၀ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၆၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်း၀ယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ ×၈)**

**လေ့လာတွေ့ရှိချက်။** သက်န်းတောကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်းခွင်၊ ဆောက် လုပ်ရေးလုပ်ငန်းနှင့် အရောင်းအ၀ယ်လုပ်သူများဖြစ်ကြသည်။ ကျား-မ လုပ်အားခ နှိုင်းယှဉ်လျှင် ကျားလုပ်အားခက အနည်းငယ်ပိုများပါသည်။

**(ဂ) သဘာ၀ရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး**(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၅၀ | ကောင်း ☐ သင့်☐ ညံ့ √ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၈၀ | ကောင်း ☐ သင့်☐ ညံ့ √ |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၃၃ | ကောင်း ☐ သင့်☐ ညံ့ √ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၄၆၃ | ☒ |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** သက်န်းတောကျေးရွာတွင် မိုးစပါးကို အဓိကထားစိုက်ပျိုးကြသည်။ လယ်မြေနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ ထက်သန်မှုမှာ အသင့်အတင့်သာရှိ၍ စပါးနှင့်အခြား သီးနှံများထုတ်လုပ်မှုတွင် အထွက်နှုန်းတိုးတက်လာစေရန် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီသြဇာ အဆင့်အတန်း ကောင်းမွန်လာစေရန် လိုက်နာရမည့် နည်းစနစ်များ ကျင့်သုံးရန် လိုအပ်နေပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ√ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ☐ သင့်☐ နည်း☐ မရှိ√ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ☐ သင့်☐ နည်း√ မရှိ☐ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ☐ သင့်☐ နည်း☐ မရှိ√ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** သက်န်းတောကျေးရွာတွင် ဓါတ်သတ္တုဆိုင်ရာ မထွက်ရှိပါ။ ဝါးပင်များ အနည်းငယ်ထွက်ရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် တောကြက်၊ ချေ၊ တောကြောင်၊ ရှဉ့်စသည့်များ ရရှိနိုင်သော်လည်း ရရှိရန်ခက်ခဲပြီး လက်လှမ်းမှီရန်ခက်ခဲပါသည်။ နွားစာ အတွက် စားကျက်မြေအနည်းငယ်ရှိပြီး ဆေးဖက်ဝင်အပင်များအဖြစ် ဂျာမနီ၊ လောက်သေစသည့် အပင်များ သာတွေ့ရှိပြီး ရရှိနိုင်မှုနည်းပါးကာ လက်လှမ်းမှီမှုမရှိသလောက်ဖြစ်ပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့် ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |
| **အဓိကစီးပွားရေး လုပ်ငန်း** | **စီးပွား (ဝင်ငွေ) အလွန်ကောင်း** | **စီးပွား (ဝင်ငွေ) အသင့်အတင့်** | **စီးပွား (ဝင်ငွေ) နည်း** | **စီးပွား (ဝင်ငွေ) အလွန်နည်း** |
| **စုစုပေါင်း** | **၁၃** | **၆၃** | **၄၉** | **၃၅** |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။ သက်န်းတောကျေးရွာ၏အခြေအနေအား ကျေးရွာသူရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာခနအဆင့်ခွဲခြားမှုနည်းလမ်းအရသိရှိခဲ့ရပါသည်။ မြေယာပိုင်ဆိုင်မှုမရှိသည့် (၃.၁၅)%အိမ်ထောင်စုများသည် ကျဘမ်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။**

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၁ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား= ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ___၆___<br>လုပ်အားခကြိုယူ = ___၄___ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၅ | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ___၃___<br>လုပ်အားခကြိုယူ = ___၂___ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁ | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = __၁____<br>လုပ်အားခကြိုယူ = ____ |

**ရင်းမြစ်..ဥစ္စာခနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။သက်န်းတောကျေးရွာတွင် ဥစ္စာခနအဆင့်(၃)နှင့်(၄) အိမ်ထောင်စုပေါင်း၏(၃၀)%စီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့ပါသည်။ သက်န်းတောကျေးရွာတွင် ချေးငှါးခြင်းနှင့် လုပ်အားခ ကြိုတင်ယူခြင်းမျှသာရှိပါသည်။ အစားလျှော့စားခြင်း၊ အထောက်အပံ့ယူခြင်းမရှိပါ။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၆ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သက်န်းတောကျေးရွာတွင် သက်ကြီးရွယ်အိုများရှိသော်လည်း မိသားစု စောင့်ရှောက်မှုရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများစွာရှိသော်လည်း ဆင်းရဲသည့်အိမ်ထောင်စုမှာ (၅)အိမ်ရှိပါသည်။ ကျဘမ်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါ သည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ်√ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ်√ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ်√ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၈ | **မီးဘေး** | မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐ |
| ၉ | **ဆားငန်ရေဝင်မြေ** | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၀ | **မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု** | မြင့် ☐ လတ်☐ နိမ့်☐ မရှိ √ |
| ၁၁ | **သစ်တောပြုန်းတီးခြင်း** | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၂ | **ငှက်ဖျားရောဂါ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | **တီဘီရောဂါ** | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၄ | **ကိုယ်ခံအားကျဆင်းမှုရောဂါ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၅ | **ပြည်တွင်း ပဋိပက္ခ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၆ | **တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု** | မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐ |
| ၁၇ | **လူကုန်ကူးခြင်း** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၈ | **ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ သက်န်းတောကျေးရွာတွင် နေ့စားနှင့် ကျဘမ်းအလုပ်သမားများပြားကာ ဝင်ငွေများမလောက်ငှမှုများရှိသောကြောင့် ဝမ်းစာဖူလုံမှုရှိစေရန် ချေးငှားစားသောက်မှုများရှိသောကြောင့် ထိခိုက်လွယ်မှုအလယ်အလတ်အဆင့်အတန်းတွင် ရှိပါသည်။ တောမီးလောင်ခြင်း များ နှစ်စဉ် နှစ်တိုင်းကျရောက်လေ့ရှိ၍ လူနေအိမ်တစ်အိမ်နှစ်အိမ်ခန့် နှစ်စဉ်တောမီး လောင်သောကြောင့် ထိခိုက် လွယ်မှု အလယ်အလတ်၊ လယ်မြေထဲဆားငန်ရေဝင်မှုမှာ တစ်ခါတစ်ရံရှိသောကြောင့် ထိခိုက် လွယ်မှုမှာ နိမ့်အဆင့်၊ တီဘီရောဂါဖြစ်ပွားမှုနှင့် လူကုန်ကူးခြင်းတို့ကြောင့် ရရှိသော ထိခိုက်လွယ်မှု များမှာလည်း နိမ့်အဆင့်ရှိပြီး နှစ်စဉ်နီးပါး တိရစ္ဆာန်များတွင် ကူးစက်ရောဂါကျ ရောက်မှုများ ရှိသဖြင့် မွေးမြူရေးသမားများအနေဖြင့် ထိခိုက်လွယ်မှုမှာ အလယ်အလတ်များရှိပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | **လူငယ်** | မြင့် ☐ လတ်☐ နိမ့်☐ မရှိ √ |
| ၂ | **အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု** | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၃ | **မြေယာမဲ့၊ ဆင်းရဲသားတောင်သူ** | မြင့် ☐ လတ်☐ နိမ့်☐ မရှိ √ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၄ | **သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ√ |
| ၅ | **မြစ်ကမ်းဘေး နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၆ | **မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ** (Prone to accident) **တွင် နေထိုင်သူများ** | မြင့် ☐ လတ်√ နိမ့်☐ မရှိ ☐ |
| ၇ | **ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ** (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၈ | **မြေနိမ့်ပိုင်း နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၉ | **ငါးကန်ပိုင်ရှင်များ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၀ | **လက်လုပ်လက်စားများ၊ ကျပန်းများ** | မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐ |
| ၁၁ | **လူနည်းစုလူမျိုးများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၂ | **ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၃ | **နယ်စပ်ဒေသတွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၄ | **ရွှေတွင်းလုပ်သားများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၅ | **ဆေးစွဲသူများ** | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၆ | **ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၇ | **လှည့်လည်သွားလာ၍ ဈေးရောင်းသူများ** | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၈ | **နေရပ်ပြန် အခြေချသူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၉ | **ရွှေ့ပြောင်းလုပ်သားများ** | မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐ |
| ၂၀ | **ကားမောင်းပြီး အသက်မွေးသူများ** | မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ သက်န်းတောကျေးရွာတွင် ငွေကြေးအရင်းအနှီးမရှိသော လက်လုပ်လက်စား(ကျဘမ်း)သမားများသည် အန္တရာယ်တစ်ခုကျရောက်ပါက စားနပ်ရိက္ခာမဖူလုံသောကြောင့် ထိခိုက်မှုများရရှိနိုင်သည်။ ရွှေ့ပြောင်းလုပ်သားများ(ဗီဇာ)မရှိသောကြောင့် မကြာခဏဖမ်းဆီးခံရ

သဖြင့် ထိခိုက်မှုများရှိပါသည်။ အဝေးပြေးကားလမ်းမဘေးတွင် တည်ရှိသောရွာဖြစ်၍ ဆိုင်ကယ်၊ ကားအစရှိသည့် ယာဉ်မတော်တဆထိခိုက်မှုများ မကြာခဏကြုံတွေ့ရလေ့ရှိပါသည်။ တောမီးလောင် ခြင်းများကြုံတွေ့ရလေ့ရှိသော်လည်း လူ၊ နေအိမ်နှင့် လယ်ယာများ ပျက်စီးသည့်အထိ ဆိုးရွားစွာ ထိခိုက်မှုမျိုးမကြုံရပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
